# ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုနှင့် သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ

### မိဘများအတွက် သိကောင်းစရာ အချက်အလက်များ

## ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မည်သည့် တရားဥပဒေများက ကာကွယ်စောင့်ရှောက်ပေးပါသလဲ။

၂၀၁၄ ခုနှစ် ကိုယ်ရေးကိုယ်တာ အချက်လက်များနှင့် ကွန်ပျူတာ အချက်အလက်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အက်ဥပဒေ *(Information Privacy and Data Protection Act 2014)*, ၂၀၀၁ ခုနှစ် ကျန်းမာရေး မှတ်တမ်းများဆိုင်ရာ အက်ဥပဒေ *(Health Records Act 2001)*, နှင့် ၂၀၀၅ ခုနှစ် ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများဆိုင်ရာ အက်ဥပဒေ (*Children, Youth and Families Act 2005)* တို့အရ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းတွင် ထားရှိသော အချက်အလက်များ၏ လုံခြုံသိုသိပ်မှုကို ထိန်းချုပ်သည်။

## မည်သည့် အချက်အလက်များကို စုဆောင်းပြီး ယင်းတို့ကို မည်သို့ အသုံးပြုသနည်း။

ကလေးသူငယ်ကာကွယ်စေင့်ရှောက်ရေး အဖွဲ့အစည်းသည် ကာကွယ်စောင့်ရှောက်မှုလိုအပ်နေနိုင်ကောင်းသော ကလေးငယ်များနှင့်ဆိုင်ရာ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးပြီး မိသားစုများကို သူတို့၏ ကလေးများအား စောင့်ရှောက်ရာတွင် အကူအညီပေးသည်။ သင့်ကလေးငယ်နှင့်ဆိုင်သော တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးပြီး သင့်မိသားစုနှင့် ပူးပေါင်းဆောင်ရွက်စဉ်၊ ကျွန်ုပ်တို့သည် အောက်ဖေါ်ပြပါအချက်များ အပါအဝင် သင်နှင့် သင့်ကလေးနှင့်ဆိုင်သော အချက်အလက်များကို စုဆောင်းပါမည်။ -

- အမည်များ၊ နေရပ်လိပ်စာများ၊ မွေးနေ့များနှင့် ဆက်သွယ်ရန် အချက်အလက်များ
- မိသားစုအခြေအနေများနှင့် တော်စပ်မှုဆိုင်ရာ အသေးစိတ် အချက်အလက်များ
- ဆေးကုသမှု၊ စိတ်ဓာတ်ရေးရာနှင့် စိတ်ရောဂါတို့နှင့်စပ်ဆိုင်သော အစီရင်ခံစာများ
- ပြစ်မှုဆိုင်ရာ နောက်ကြောင်းသမိုင်း တို့ဖြစ်ပါသည်။

ကျွန်ုပ်တို့က ဤအချက်အလက်များကို သင့်ကလေးသည် စောင့်ရှောက်မှု လိုအပ်၊မလိုအပ်၊ စစ်ဆေးစိစစ်ခြင်း၊ သူတို့အတွက် အကောင်းဆုံး အကျိုးကျေးဇူးကို ဖေါ်ထုတ်ခြင်းနှင့် သင်နှင့်သင့်ကလေးတို့အား အကောင်းဆုံး ကူညီနိုင်မည့်နည်းလမ်းများ ရှာဖွေခြင်းတို့အတွက် အသုံးပြုမည်ဖြစ်သည်။

## ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဌာနက မည်သူနှင့် မျှဝေ အသုံးပြုနိုင်သနည်း။

ကျွန်ုပ်တို့က ကလေးသူငယ်များနှင့် မိသားစုများအား အကူအညီပေးသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဤအချက်အလက်များ ပေးကောင်းပေးပါမည်။ ပုံမှန်အားဖြင့် သင့်အချက်အလက်များအား မည်သူ့ကိုပေးကြောင်း သင့်အား ကျွန်ုပ်တို့ ပြောပြပါမည်။ တစ်ခါတစ်ရံ၌ အချို့သော ဥပဒေများက သင်နှင့်ပတ်သက်သော အချက်အလက်များအား သင့် သိရှိမှု သို့မဟုတ် သဘောတူညီမှု မပါဘဲ စုဆောင်းရယူရန်နှင့် မျှဝေအသုံးပြုရန် ခွင့်ပြုထားပါသည်။ ၎င်းတွင် တစ်စုံတစ်ယောက်၏ ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခ ထိခိုက်နိုင်သည့် အခြေအနေလည်း ပါဝင်ပါသည်။

သင်နှင့် သင့်ကလေးနှင့်ဆိုင်သော အချက်အလက်များကို အောက်ဖေါ်ပြပါ နေရာများသို့ ပို့ကောင်းပို့နိုင်ပါသည် -

- ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှု အခန်းကဏ္ဍလည်း ရှိနေသည့် ဗစ်တိုးရီးယားပြည်နယ် ရဲတပ်ဖွဲ့
- Child FIRST အပါအဝင် လူမှုအဖွဲ့အစည်း ဝန်ဆောင်မှု အသင်းအဖွဲ့များ
- ကျောင်းများ၊ ကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ဆရာဝန်များ တို့ဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့က ကလေးသူငယ်ဆိုင်ရာ တရားရုံးသို့ ကာကွယ်စောင့်ရှောက်ရေးအတွက် လျှောက်လွှာတင်လျှင် ကျွန်ုပ်တို့က အစီရင်ခံစာ ရေးသားတင်ပြပါမည်။ ထိုအစီရင်ခံစာတွင် ကျွန်ုပ်တို့က သင့်ကလေးအတွက် မည်သည့်အတွက်ကြောင့် ပါဝင်ပတ်သက်ရကြောင်းနှင့် မည်သည့်အတွက်ကြောင့် သင်နှင့် သင့်ကလေးတို့နှင့် ဆက်လက် ဆောင်ရွက်နေရန် လိုအပ်သည်ဟု ယူဆကြောင်းတို့ကို ရှင်းပြပါမည်။ ၎င်းတွင် ကိုယ်ရေးကိုယ်တာ အချက်အလက် များစွာပါဝင်ပါမည်။ သင် (နှင့် အခြားမည်သည့်မိဘမဆို) နှင့် သင့်ရှေ့နေတို့လည်း မိတ္တူ ရရှိပါမည်။ အကယ်၍ အစီရင်ခံစာထဲတွင်ပါဝင်သော အချက်အလက်များက သင် သို့မဟုတ် သင့်ကလေး၏ ကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံးခြုံမှုအတွက် ထိခိုက်နစ်နာမှုရှိမည်ဆိုပါက သင့်အနေနှင့် သင့်ကလေး၏ ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်းကို ပြောပြသင့်ပါသည်။ လိုအပ်လျှင် တရားရုံးက အစီရင်ခံစာ သို့မဟုတ် အစီရင်ခံစာ၏ အစိတ်အပိုင်းများကို ရယူအသုံးပြုခွင့် ကန့်သတ်နိုင်သည်။

VICTORIA State Government | Health and Human Services

## ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကျွန်ုပ် မည်ကဲ့သို့ ရယူဖတ်ရှုနိုင်သနည်း။

အကယ်၍ သင်နှင့်ပတ်သက်သော စုဆောင်းထားသည့် အချက်အလက်များကို သင်သိမြင်လိုပါက သင့်ကလေး၏ ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်းနှင့် ဆွေးနွေးပါ။ တရားဥပဒေက တားမြစ်ခြင်းမပြုလျှင် ထိုအချက်များကို သူတို့က ပြသနိုင်ပါမည်၊ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ပါလိမ့်မည်။ အကယ်၍ ၎င်းသည်မှားယွင်းနေခဲ့လျှင် ၁၉၈၂ ခုနှစ် သတင်း အချက်အလက်များဆိုင်ရာ လွတ်လပ်ခွင့် အက်ဥပဒေ *(Freedom of Information Act 1982)* အရ သင့်အချက်အလက်များကို ရယူပြီး၊ မှားယွင်းနေပါက ပြင်ဆင်ပေးနိုင်ပါသည်။ သင့်အနေနှင့် မည်သို့လျှောက်ထားရကြောင်းနှင့်ပတ်သက်ပြီး အကူအညီရယူရန် သင့်ကလေး၏ ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်းကို ပြောသင့်ပါသည် သို့မဟုတ် ဌာန၏ သတင်း အချက်အလက်များ လွတ်လပ်ခွင့် ဆိုင်ရာ ဌာနခွဲကို (03) 9096 8449 တွင် ဖုန်းဆက်သင့်ပါသည်။

## နောက်ထပ် သိကောင်းစရာ အချက်အလက်များ

အကယ်၍ သင်သည် အချက်အလက်များ ပိုမိုရယူလိုလျှင် သို့မဟုတ် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှု အဖွဲ့အစည်းက သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များ ရယူ စုဆောင်းခြင်း၊ အသုံးပြုခြင်းနှင့်ပတ်သက်ပြီး မကျေနပ်ချက် ရှိပါက သင့်ကလေး၏ ကာကွယ်စောင့်ရှောက်မှု ဝန်ထမ်း သို့မဟုတ် သူတို့၏ ကြီးကြပ်သူနှင့် ဆွေးနွေးနိုင်ပါသည်။ အကယ်၍ သင်က မကျေနပ်သေးလျှင် အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်နိုင်ပါသည် -

- Department of Health and Human Services မကျေနပ်ချက်များ တိုင်တန်းရန်ဌာန ဖုန်း - 1300 884 706
- ဗစ်တိုးရီးယားပြည်နယ် ကိုယ်ရေးလွတ်လပ်ခွင့်ဆိုင်ရာ ကော်မရှင်နာ ဖုန်း - 8619 8719 သို့မဟုတ် အခမဲ့ဆက်သွယ်ရန် - 1300 666 444
- ကျန်းမာရေး ဝန်ဆောင်မှုများဆိုင်ရာ ကော်မရှင်နာ ဖုန်း - 8601 5222 သို့မဟုတ် အခမဲ့ဆက်သွယ်ရန် - 1800 136 066